| အမည် | လူနာ ငွေစာရင်းရှင်းတမ်း ငွေကောက်ခံမှုနှင့် စုဆောင်းမှု | | |
|---|---|---|---|
| နံပါတ် | NH-LD-FM 111.5 | နောက်ဆုံး ပြင်ဆင်မှု/သုံးသပ်မှု စတင်အကျုံးဝင်သော ရက်စွဲ- | ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် |
| TJC လုပ်ငန်းများ | ဆက်လက် ကုသရေး | | |
| သက်ဆိုင်သူ | Novant Health- ဆေးရုံများ၊ NHmg ၊ အမှီအခိုကင်းသည့် ခါတ်မှန်ရိုက်ကူးရေးစင်တာများ၊ အမှီအခိုကင်းသည့် ခွဲစိတ်ကုသစင်တာများ၊ ပြန်လည်ထူထောင်ရေးစင်တာများ၊ ကာတွန် မားချန့်တ် အိမ်၊ မင်းသား ဝီလီယံ ကင်ဆာစင်တာ၊ ကော်ပိုရိတ် ဌာနများ (NMG SouthPark ဝန်ဆောင်မှုများ - CRNAs သာလျှင်) | | |

## ၁။ နယ်ပယ် / ရည်ရွယ်ချက်

Novant Health အတွင်းရှိ လူနာ ငွေစာရင်းရှင်းတမ်း ငွေကောက်ခံမှုနှင့် စုဆောင်းမှုအတွက် လမ်းညွှန်ပေးရန်။

"လူ့အသိုင်းအဝိုင်းမှလူများ၏ ကျန်းမာရေးကို တစ်ကြိမ်လျှင် တစ်ယောက်နှုန်းဖြင့် တိုးတက်ကောင်းမွန်စေရေး" ဆိုသော Novant Heath ("NH") ရည်မှန်းချက်စာသားက ကျွန်ုပ်တို့ တည်ရှိရာ ဒေသမှ လူ့အသိုင်းအဝိုင်းများအတွက် Novant Heath ၏ အကျိုးအမြတ် မယူသော အစဉ်အလာနှင့် လူမှုတာဝန်ခံခြင်းကို ရောင်ပြန်ဟပ်နေပါသည်။ ဤမူဝါဒ၏ ရည်ရွယ်ချက်မှာ Novant Health ကဖြစ်စေ၊ အခြား ခွင့်ပြု ထားသူကဖြစ်စေ၊ ကြားခံ ငွေပေးချေသူများ သို့မဟုတ် လူနာများသို့ ငွေပြန်ပေးမှု ဆောင်ရွက်သည့် အချိန်အပိုင်းအခြားနှင့် လုပ်ငန်းစဉ် အကြောင်း ရှင်းပြရန် ဖြစ်ပါသည်။

## ၂။ မူဝါဒ

A. <u>ဝန်ဆောင်မှုများအတွက် ငွေပေးချေမှု။</u>

NH ၏ EMTALA မူဝါဒအရ မည်သူမဆို Novant Health ၏ ကုသိုလ်ဖြစ် မူဝါဒအတွက် ငွေပေးချေနိုင်ခြင်း၊ သတ်မှတ်ချက် ပြည့်မီခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လိုအပ်သော ဝန်ဆောင်မှုများ အပါအဝင် ဆေးကုသမှုဆိုင်ရာ အရေးပေါ် သို့မဟုတ် ဆေးကုသမှုဆိုင်ရာ အရေးကြီး ဝန်ဆောင်မှုများကို ပေးအပ်ရန်မှာ NH ၏ မူဝါဒဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်သည့်နေရာ သို့မဟုတ် ဆေးခန်းသည် ကြားခံ ငွေပေးချေသူနှင့် အကျုံးမဝင်သော လူနာများအတွက် လူနာကို ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် ဒေသခံ အဖွဲ့အစည်းများက သတ်မှတ်ချက်နှင့် ကိုက်ညီမှုအတွက် သို့မဟုတ် လူနာသည် NH ကုသိုလ်ဖြစ် ကုသမှု၊ အခြား ငွေကြေးထောက်ပံ့မှု အစီအစဉ်များ၊ သို့မဟုတ် လူ့အသိုင်းအဝိုင်း/ကြားခံ အစီအစဉ်များအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ အကဲဖြတ်စစ်ဆေးမှုအတွက် လူနာနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

လုပ်ငန်းဆောင်ရွက်သည့်နေရာ သို့မဟုတ် ဆေးခန်းသည် ကြားခံ အာမခံ(များ)နှင့် အကျုံးဝင်သော လူနာများအတွက် ငွေကောက်ခံမှုနှင့် စုဆောင်းမှုကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းပါမည်။ NH က ငွေပေးချေသူနှင့် စာချုပ် ချုပ်ထားသမျှကာလပတ်လုံး ဝန်ဆောင်မှုပေးချိန်တွင် သင့်လျော်သော အချက်အလက်များ ပေးအပ်ထားပါက NH သည် လူနာ၏ အာမခံကို အမှုတွဲ တင်သွင်းပါမည်။ လူနာ၏ တာဝန်မှာ ဝန်ဆောင်မှုပေးချိန်တွင် ဆေးခန်းထံ ပေးရန်ရှိသည့် ပမာဏအစိတ်အပိုင်းကို ပေးရန်ဖြစ်သည်။

ငွေပေးချေမှု မပြုလုပ်သည့် အခြေအနေတွင် Novant Health သည် အောက်ပါ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါသည်- ကောက်ခံရန်အတွက် ပြင်ပအေဂျင်စီအား လွှဲပေးခြင်း သို့မဟုတ် တာဝန်မကျေသော အကောင့်ကို ခရက်ဒစ်အေဂျင်စီတစ်ခုထံသို့ ဤမူဝါဒတွင် ဖော်ပြထားသည့် အတိုင်းသာလျှင် အစီရင်ခံခြင်း။ ငွေပေးချေမှု မပြုလုပ်သည့်အတွက် လူနာတစ်ယောက်ကို ပိုင်ဆိုင်မှုအပေါ် တောင်းဆိုခြင်း၊ ပိုင်ဆိုင်မှုအပေါ် ပိတ်သိမ်းခြင်း၊ ဘဏ်အကောင့် သို့မဟုတ် အခြား ကိုယ်ရေးကိုယ်တာ ပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ တရားမမှု ဆောင်ရွက်ခြင်း၊ လစာများ မွမ်းမံခြင်း သို့မဟုတ် ဖမ်းဆီးခြင်း သို့မဟုတ် ကိုယ်ခန္ဓာ တွယ်ဆက်မှု တောင်းဆိုလာနိုင်ခြင်းတို့ အပါအဝင် တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မည် မဟုတ်ပါ။ ထို့ပြင် Novant Health သည် ဆေးကုသမှုဆိုင်ရာ လိုအပ်သော ကုသမှု မပေးအပ်မီ လူနာ၏ Novant Health ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ အကျုံးဝင်သော ကုသမှု ယခင်ပေးအပ်ထားသည့်အတွက် လူနာက တစ်ခု သို့မဟုတ် ထိုထက်ပိုသော ငွေပေးချေမှု မပြုလုပ်ထားသည့် အတွက်ကြောင့် လမ်းလွှဲမည်၊ ငြင်းဆိုမည်၊ တောင်းဆိုမည် မဟုတ်ပါ။

B. <u>ကုသိုလ်ဖြစ် ကုသမှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီမှုကို ဆုံးဖြတ်ရန် သင့်လျော်သော ကြိုးပမ်းမှုများ။</u>

NH နှင့်/သို့မဟုတ် NH နှင့် စာချုပ် ချုပ်ဆိုထားသော ကြားခံ ရောင်းချသူများသည် Novant Health ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ငွေကြေး ထောက်ပံ့မှုအတွက် လူနာ၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှုကို ဆုံးဖြတ်ရန် သင့်လျော်သော ကြိုးပမ်းမှုများ မဆောင်ရွက်မီ အထူး ကောက်ခံမှု ဆောင်ရွက်ခြင်းများ ("ECAs") ကို ပြုလုပ်မည် မဟုတ်ပါ။

သင့်လျော်သော ကြိုးပမ်းမှုများထဲတွင် အောက်ပါ အပိုဒ် ၂။ခ။၁၊ ၂။ခ။၂၊ ၂။ခ။၃ နှင့် ၂။ခ။၄ တို့၌ ဖော်ပြထားသော အဆင့်များအတိုင်း ဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။

၁။ *ECAs စတင် မဆောင်ရွက်မီ*။ အကြောင်းကြားကာလ သက်တမ်းမကုန်မချင်း စတင်ဆောင်ရွက်မည် မဟုတ်သော ECAs စတင် မဆောင်ရွက်မီ အနည်းဆုံး ရက်ပေါင်း ၃၀ အလိုတွင် NH သည် အောက်ပါတို့ကို ဆောင်ရွက်ပါမည်။

(a) လူနာများအား (၁) ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ငွေကြေး ထောက်ပံ့မှုသည် သတ်မှတ်ချက်နှင့် ကိုက်ညီသူများအတွက် ရရှိနိုင်ကြောင်း ဖော်ပြထားသော၊ (၂) NH သည် ငွေပေးချေမှု ရရှိအောင် စတင်ဆောင်ရွက်လိုကြောင်း ECA ကို သတ်မှတ်ဖော်ပြထားသော၊ (၃) ပေးအပ်လိုက်သော စာဖြင့် အကြောင်းကြားစာပါ ရက်စွဲထက် ရက်ပေါင်း ၃၀ ထက် မစောဘဲ စတင်ဆောင်ရွက်မည့် အဆိုပါ ECA(များ) နောက်ဆုံး ဆောင်ရွက်ရန် ရက်စွဲကို ဖော်ပြထားသော စာဖြင့် အကြောင်းကြားစာကို ပေးအပ်ပါမည်။
(b) လူနာများအား အထက်ဖော်ပြပါ စာဖြင့် အကြောင်းကြားစာနှင့်အတူ ရိုးရိုးရှင်းရှင်း သုံးနှုန်းဖော်ပြမှု အနှစ်ချုပ်ကို ပေးအပ်ပါမည်။ ထို့ပြင်
(c) ၎င်း၏ ကုသိုလ်ဖြစ် ကုသရေး မူဝါဒနှင့် လျှောက်ထားမှု လုပ်ငန်းစဉ်အတွက် လူနာက အကူအညီ မည်သို့မည်ပုံ ရရှိနိုင်ကြောင်း လူနာအား နှုတ်ဖြင့်အကြောင်းကြားရန် သင့်လျော်သော ကြိုးပမ်းမှုများ ဆောင်ရွက်ပါမည်။

၂။ *မပြည့်စုံသော လျှောက်လွှာ တင်သွင်းခြင်း*။ လူနာသည် လျှောက်လွှာလက်ခံချိန် ကာလအတွင်း မပြည့်စုံသော လျှောက်လွှာကို တင်သွင်းပါက Novant Health သည် အောက်ပါတို့ကို ဆောင်ရွက်ပါမည်-

(a) ကုသမှုအတွက် ငွေပေးချေမှုများ ရယူရန် ECA များကို ဆိုင်းငံ့ခြင်းနှင့် လူနာက ကုသိုလ်ဖြစ် ကုသမှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ NH က မဆုံးဖြတ်မချင်း စတင်မဆောင်ရွက်ခြင်း သို့မဟုတ် ယခင် စတင်ဆောင်ရွက်ထားသော ECA များကို ဆက်လက် မဆောင်ရွက်ခြင်း၊ နှင့်
(b) ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ လိုအပ်သော ထပ်ဆောင်း အချက်အလက်များနှင့်/သို့မဟုတ် စာရွက်စာတမ်းများ သို့မဟုတ် လျှောက်ထားမှု ပြည့်စုံစေရန် တင်သွင်းရမည့် လျှောက်လွှာကို ဖော်ပြထားသော၊ ကုသိုလ်ဖြစ် ကုသရေး မူဝါဒအကြောင်း အချက်အလက် ပေးအပ်နိုင်ပြီး လျှောက်ထားမှု လုပ်ငန်းစဉ်အတွက် အကူအညီ ပေးနိုင်သည့် NH ရုံးဌာန၏ ဖုန်းနံပါတ်နှင့် ရုပ်ပိုင်းဆိုင်ရာ တည်နေရာ အပါအဝင် ဆက်သွယ်ရန် အချက်အလက်များ ပါဝင်သော သို့မဟုတ် NH သည် လျှောက်ထားမှု လုပ်ငန်းစဉ်ကို ထောက်ပံ့မှု မပေးအပ်ပါက ထိုသို့ ထောက်ပံ့မှု ပေးအပ်နိုင်သည့် ကုသိုလ်ဖြစ် သို့မဟုတ် အစိုးရ အေဂျင်စီ အနည်းဆုံးတစ်ခုကို ဖော်ပြထားသော စာဖြင့် အကြောင်းကြားစာကို လူနာအား ပေးအပ်ခြင်း၊ ထို့ပြင်

(c) ထိုသို့မဟုတ်ဘဲ လျှောက်လွှာလက်ခံချိန် ကာလအတွင်း ပြည့်စုံသော လျှောက်လွှာကို လက်ခံရရှိပါက ဤမူဝါဒ၏ အပိုဒ် ၂။ခ။၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီစေပါမည်။

၃။ *ပြည့်စုံသော လျှောက်လွှာ တင်သွင်းခြင်း*။ အကယ်၍ လူနာသည် လျှောက်လွှာလက်ခံချိန် ကာလအတွင်း ပြည့်စုံသော လျှောက်လွှာကို တင်သွင်းပါက NH သည် အောက်ပါတို့ကို ဆောင်ရွက်ပါမည်-

(a) ကုသမှုအတွက် ငွေပေးချေမှုများ ရယူရန် ECA များကို ဆိုင်းငံ့ခြင်းနှင့် လူနာက ကုသိုလ်ဖြစ် ကုသမှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ NH က မဆုံးဖြတ်မချင်း စတင်မဆောင်ရွက်ခြင်း သို့မဟုတ် ယခင် စတင်ဆောင်ရွက်ထားသော ECA များကို ဆက်လက် မဆောင်ရွက်ခြင်း၊ နှင့်

(b) လူနာသည် ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ထောက်ပံ့မှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ချက်ချခြင်းနှင့် လူနာသည် မည်သည့် ထောက်ပံ့မှုကို သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း၊ ဤသို့ ဆုံးဖြတ်ရသည့် အခြေခံများ အပါအဝင် ဤသတ်မှတ်ချက်နှင့် ကိုက်ညီခြင်း ဆုံးဖြတ်ချက်ကို လူနာအား စာဖြင့် အကြောင်းကြားခြင်း၊ ထို့ပြင်

(c) အကယ်၍ လူနာသည် ထောက်ပံ့မှုကို သတ်မှတ်ချက်နှင့် ကိုက်ညီပါက NH သည် လူနာအား ကုသမှုအတွက် လူနာပေးထားသည့် မည်သည့်ပမာဏကိုမဆို ထိုပမာဏသည် လူနာက ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ပေးရန် တာဝန်ရှိသည်ဟု ဆုံးဖြတ်ထားသည်ထက် ကျော်လွန်ပါက ငွေပြန်ပေးပါမည်။ ($5 ထက်နည်းသောပမာဏ သို့မဟုတ် လုပ်ငန်းတွင်း ဘဏ္ဍာရေး ကြေညာစာတွင် ထုတ်ပြန်ထားသော ကြေညာချက် သို့မဟုတ် အခြားလမ်းညွှန်များက သတ်မှတ်သော အဆိုပါ အခြားပမာဏကို ငွေပြန်ပေးရန်မလိုပါ)၊ ထို့ပြင်

(d) ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ကုသမှုအတွက် ငွေပေးချေမှု ရယူရန် လူနာကို ဆောင်ရွက်ထားသည့် (အကြွေးရောင်းချမှုမှအပ) မည်သည့် ECA ကိုမဆို ရပ်ဆိုင်းရန် NH သည် သင့်လျော်စွာ ရရှိနိုင်သော နည်းလမ်းများအားလုံး ဆောင်ရွက်ပါမည်။ ဤအတွက် နမူနာတစ်ခုမှာ စားသုံးသူ အကြွေး အစီရင်ခံရေး အေဂျင်စီ သို့မဟုတ် အကြွေးဗျူရိုသို့ တင်ပြခဲ့သော မလိုလားအပ်သည့် မည်သည့် အချက်အလက်ကိုမဆို လူနာ၏ အကြွေးမှတ်တမ်းမှ ဖယ်ရှားခြင်း ဖြစ်သည်။

၄။ *ကုသိုလ်ဖြစ် ကုသရေး သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း မှတ်ယူခြင်း*။ NH သည် လူနာတစ်ယောက်က ၎င်း၏ ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ အခမဲ့ ကုသခွင့်အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီမှုကို ကြားခံလူထံမှ အချက်အလက် သို့မဟုတ် ကုသိုလ်ဖြစ် ကုသရေး သတ်မှတ်ချက်နှင့် ကိုက်ညီမှု အကြိုဆုံးဖြတ်ချက်တို့ဖြင့် ဆုံးဖြတ်မှတ်ယူပါမည်။

၅။ *အကြိမ်များစွာ ကုသမှု။* NH သည် လူနာတစ်ယောက်၏ အကြိမ်များစွာ ကုသမှုအတွက် ပေးရန်ရှိသော ငွေတောင်းခံလွှာများကို ပေါင်းစပ်လိုက်ပါက ငွေတောင်းခံလွှာများအတွက် ငွေပေးချေမှု ရရှိရန် ECA ကို စတင်မဆောင်ရွက်မီ အထက်ပါ ပေါင်းစပ်မှု၌ ပါဝင်သော နောက်ဆုံးအကြိမ် ကုသမှုအတွက် NH သည် ပထမဆုံး ဆေးရုံဆင်းချိန် ငွေတောင်းခံလွှာ ဖော်ပြချက်ကို ပေးအပ်ပြီးနောက် ရက်ပေါင်း ၁၂၀ ကြာသည်အထိ စောင့်ဆိုင်းပါမည်။

၆။ *Medicaid သတ်မှတ်ချက်နှင့် ကိုက်ညီမှု။* NH ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ငွေကြေး ထောက်ပံ့မှုအတွက် ပြည့်စုံသော လျှောက်လွှာကို လက်ခံရရှိပါက လူနာသည် Medicaid အတွက် အရည်အချင်း ပြည့်မီကြောင်း RCS က ယူဆပါသည်။ NH ၏ ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ သတ်မှတ်ချက်နှင့် ကိုက်ညီမှု ဆုံးဖြတ်ချက်ကို Medicaid လျှောက်ထားမှု အပြည့်အစုံ တင်သွင်းပြီးချိန်နှင့် လူနာ၏ Medicaid သတ်မှတ်ချက်နှင့် ကိုက်ညီချိန်အထိ ဆိုင်းငံ့နိုင်ပါသည်။

၇။ *NH က သင့်လျော်သော ကြိုးပမ်းမှု စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း* Novant Health သည် ECA တစ်ခုကို စတင်မဆောင်ရွက်မီ ဤမူဝါဒနှင့် ကိုက်ညီစွာ ထိုသင့်လျော်သော ကြိုးပမ်းမှုရှိ၊ မရှိ၊ လူနာသည် ကုသိုလ်ဖြစ် ကုသမှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိနှင့် ECA ကို စတင် ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် NH ဘဏ္ဍာရေးကာလ စီမံကိန်းကော်မတီ သို့မဟုတ် လွှဲအပ်ထားသူက စစ်ဆေးသုံးသပ်ကာ နောက်ဆုံး ဆုံးဖြတ်ပိုင်ခွင့် ရှိပါမည်။

၈။ *ကြားခံအဖွဲ့အစည်းများနှင့် စာချုပ် ချုပ်ဆိုခြင်း။* NH သည် လျှောက်လွှာလက်ခံချိန် ကာလအတွင်း ကြားခံအဖွဲ့အစည်းထံ အကြွေးကို လွှဲအပ် ရောင်းချပါက NH သည် ယင်းကြားခံအဖွဲ့အစည်းထံမှ အောက်ပါအချက်များပါဝင်သော စာဖြင့် သဘောတူညီမှုကို ရယူရမည်- (၁) NH သည် အထက်ပါ အပိုဒ် ၂။ခ တွင် ဖော်ပြထားသော သင့်လျော်သော ကြိုးပမ်းမှု စံချိန်စံညွှန်းများနှင့် ကိုက်ညီသည်အထိ ထိုအဖွဲ့အစည်းသည် လူနာကို ဆောင်ရွက်သော ECA များမှ ရှောင်ရှားပါမည်၊ (၂) လူနာက လျှောက်လွှာကို လျှောက်လွှာလက်ခံချိန် ကာလအတွင်း တင်သွင်းပါက ထိုအဖွဲ့အစည်းသည် လူနာနှင့် ပတ်သက်သော ECA များကို ဆိုင်းငံ့ပါမည်၊ (၃) လူနာက လျှောက်လွှာကို လျှောက်လွှာလက်ခံချိန် ကာလအတွင်း တင်သွင်းကာ ယင်းတို့သည် NH ၏ ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း NH က ဆုံးဖြတ်ပါက ထိုအဖွဲ့အစည်းသည် အောက်ပါတို့ကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်မည်- က) လူနာသည် ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ကုသမှုအတွက် ငွေမပေးရသလို ငွေပေးရန် တာဝန်မရှိကြောင်း သေချာစေရန် သဘောတူညီမှုပါ လုပ်ထုံးလုပ်နည်းများကို လိုက်နာမည်။ ခ) လူနာနှင့် ပတ်သက်သော မည်သည့် ECA များကိုမဆို ရုပ်ဆိုင်းမည့် သင့်လျော်သော ဆောင်ရွက်မှုများ ဆောင်ရွက်မည်၊ ထို့ပြင် ဂ) အကြွေးကို လွှဲအပ် ရောင်းချသော လက်ခွဲ စာချုပ် ချုပ်ဆိုသူများထံမှ၊ ထိုလက်ခွဲ စာချုပ် ချုပ်ဆိုသူသည် အထက်ပါ လိုအပ်ချက်များကိုလည်း လိုက်နာကြောင်း စာဖြင့် သဘောတူညီမှု ရယူပါမည်။

C. ငွေကောက်ခံမှု ဖော်ပြချက်များ။

ငွေကောက်ခံမှု ဖော်ပြချက်များ အားလုံးတွင် လူနာအား NH ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ငွေကြေးထောက်ပံ့မှု ရရှိနိုင်ခြင်းအကြောင်း အသိပေး အကြောင်းကြားသည့် မြင်သာသော စာဖြင့် သတိပေးချက် ပါဝင်ရမည်။ ထို့ပြင် ကုသိုလ်ဖြစ် ကုသရေး မူဝါဒအကြောင်း၊ လျှောက်ထားမှု လုပ်ငန်းစဉ် အချက်အလက်များ ပေးအပ်နိုင်သည့် NH ရုံးခန်း သို့မဟုတ် ဌာန၏ တယ်လီဖုန်းနံပါတ်နှင့် ကုသိုလ်ဖြစ် ကုသရေး မူဝါဒ၊ လျှောက်လွှာနှင့် ရိုးရိုးရှင်းရှင်း သုံးနှုန်းဖော်ပြမှု အနှစ်ချုပ် မိတ္တူများ ရရှိမည့် ဝက်ဘ်ဆိုက်လိပ်စာ (သို့မဟုတ် URL) တို့ ပါဝင်ရမည်။

D. ငွေကောက်ခံလွှာ အငြင်းပွားခြင်း။

လူနာသည် ငွေကောက်ခံလွှာအကြောင်း မေးမြန်းလိုပါက ငွေကောက်ခံလွှာပေါ်တွင် ဖော်ပြထားသော ဖုန်းနံပါတ်များသို့ ခေါ်ဆိုနိုင်သည်။ လူနာ သို့မဟုတ် သူ၏ ကိုယ်စားလှယ်သည် အငြင်းပွားသော အရာ(များ)ကို သတိပေးချက်နှင့် အငြင်းပွားမှု အကြောင်းရင်းကို ဆေးရုံသို့ ငွေကောက်ခံလွှာပါ ရက်စွဲမှ ၃၅ ရက်အတွင်း ပေးအပ်ခြင်းအားဖြင့် ငွေကောက်ခံလွှာတစ်ခုကို အငြင်းပွားနိုင်သည်။ သတိပေးချက်ကို ငွေကောက်ခံလွှာပါ နံပါတ်သို့ ခေါ်ဆိုခြင်းအားဖြင့် ပေးအပ်နိုင်သည်။ အငြင်းပွားမှုကို ဘဏ္ဍာရေးကာလ ကျွမ်းကျင်သူက အငြင်းပွားမှု သတိပေးချက် ပေးသည့်ရက်စွဲ သို့မဟုတ် ထပ်ဆောင်း အချက်အလက် သို့မဟုတ် စာရွက်စာတမ်း တောင်းဆိုသည့် နောက်အကျဆုံး ရက်စွဲမှ ရုံးဖွင့်ရက် ၁၄ ရက်အတွင်း ဖြေရှင်းပါမည်။

အငြင်းပွားမှုကို လူနာ စိတ်ကျေနပ်သည်အထိ မဖြေရှင်းပါက လူနာသို့မဟုတ် သူ၏ ကိုယ်စားလှယ်သည် အဆိုပါ ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်သည်။ ဆုံးဖြတ်ချက်စာပါ ရက်စွဲမှ ၃၅ ရက်အတွင်း အယူခံဝင်မှု သတိပေးချက်နှင့် အယူခံဝင်မှု အခြေခံကို ဆေးရုံသို့ ပေးအပ်ခြင်းအားဖြင့် ထိုသို့ အယူခံဝင်နိုင်ပါသည်။ အယူခံဝင်မှုကို သက်ဆိုင်ရာ ဘဏ္ဍာရေးကာလ ဒုတိယဥက္ကဋ္ဌက အယူခံဝင်မှု သတိပေးချက် ပေးသည့်ရက်စွဲ သို့မဟုတ် ထပ်ဆောင်း အချက်အလက် သို့မဟုတ် စာရွက်စာတမ်း တောင်းဆိုသည့် နောက်အကျဆုံး ရက်စွဲမှ ရုံးဖွင့်ရက် ၁၄ ရက်အတွင်း ဖြေရှင်းပါမည်။

လူနာ သို့မဟုတ် သူ၏ကိုယ်စားလှယ်သည် အငြင်းပွားမှုနှင့် အယူခံဝင်မှုလုပ်ငန်းစဉ်ကို ငွေကောက်ခံလွှာ အငြင်းပွားမှု အားလုံးအတွက် အသုံးပြုရမည်။ အငြင်းပွားသော ပမာဏ၏ တစ်စိတ်တစ်ပိုင်း ငွေပေးချေမှုအတွက် ချက်လက်မှတ်ပေါ်တွင် "အပြည့်အဝ ပေးချေပြီး" စာသားပါ ချက်လက်မှတ်ကို အထက် ဖော်ပြပါ အဆင့်များအတိုင်း မလိုက်နာဘဲ ပေးပို့ခြင်းသည် ပေးရန်ရှိသော ငွေအတွက် ကျေနပ်စေမည် မဟုတ်ဘဲ Novant Health သည် အပြည့်အဝ ငွေပေးချေမှု ပမာဏကို တောင်းဆိုနိုင်ပါသေးသည်။

ဤလုပ်ငန်းစဉ်သည် နေရာဒေသ သို့မဟုတ် ကုသပေးသူပေါ် မူတည်ကာ ကွဲပြားနိုင်သည်။

E. ခန့်မှန်း ကုန်ကျစရိတ်များနှင့် ပြုစုထားသော ကုန်ကျစရိတ်များစာရင်း တောင်းဆိုခြင်း။

လူနာသည် အများဆုံး အသုံးပြုသော DRG ၁၀၀၊ လူသုံးအများဆုံး ပြင်ပလူနာ ဓါတ်ရောင်ခြည် လုပ်ထုံးလုပ်နည်း ၂၀ နှင့် လူသုံးအများဆုံး ပြင်ပလူနာ ခွဲစိတ်မှု လုပ်ထုံးလုပ်နည်း ၂၀ တို့အတွက် ခန့်မှန်းလကုန်ကျစရိတ်များကို ရရှိနိုင်သည်။ ထိုတောင်းဆိုမှုကို စာဖြင့်၊ အီလက်ထရွန်းနစ်နည်းလမ်းဖြင့် သို့မဟုတ် အီးမေးလ်ဖြင့် ဆောင်ရွက်နိုင်ကာ၊ တောင်းဆိုမှုကို လက်ခံလက်ခံရရှိပြီးနောက် ရုံးဖွင့်ရက် သုံးရက်အတွင်း အချက်အလက်များကို ပေးအပ်ရမည်။ လူနာသည် လူနာ ငွေတောင်းခံလွှာပါ နံပါတ်သို့ ခေါ်ဆို၍ဖြစ်စေ၊ လူနာ ငွေကောက်ခံလွှာပါ လိပ်စာသို့ အီးမေးလ်ပို့၍ဖြစ်စေ တောင်းဆိုနိုင်သည်။

လူနာသည် လူနာကြောင့် ပေါ်ပေါက်ရသော ကုန်ကျစရိတ် သို့မဟုတ် အသုံးစရိတ်၏ သိသာသော သဘောသဘာဝကို သာမန်လူနားလည်နိုင်သော အသုံးအနှုန်းဖြင့် အသေးစိတ်ဖော်ပြကာ ပြုစုထားသော ကုန်ကျစရိတ်များစာရင်းကို တောင်းဆိုနိုင်သည်။ မပြုစုထားသော လူနာ ငွေကောက်ခံလွှာ အားလုံးတွင် လူနာသည် ပြုစုထားသော ငွေကောက်ခံလွှာတစ်ခု အခမဲ့ တောင်းဆိုပိုင်ခွင့် ရှိကြောင်း အသိပေးချက် ပါဝင်ရမည်။ ပြုစုထားသော ကုန်ကျစရိတ်များစာရင်းကို လူနာသည် ဆေးရုံဆင်းပြီး သုံးနှစ်အတွင်း မည်သည့်အချိန်တွင်မဆို သို့မဟုတ် လူနာသည် ငွေကောက်ခံလွှာကို ပေးချေရန် တာဝန်ရှိကြောင်း လုပ်ငန်းဆောင်ရွက်သည့်နေရာက ဖော်ပြထားသမျှ ကာလတစ်လျှောက် တောင်းဆိုနိုင်သည်။

F. ငွေပြန်အမ်းမှု တောင်းဆိုခြင်း။

လူနာသည် ငွေပြန်အမ်းမှု/ငွေပိုပေးမိမှုကို လူနာ ငွေကောက်ခံလွှာတွင် ဖော်ပြထားသော နံပါတ်သို့ ခေါ်ဆိုခြင်းဖြင့် စုံစမ်းမေးမြန်းနိုင်သည်။ ငွေပိုပေးမိမှုများအားလုံးကို လူနာထံသို့ အဆိုပါ ငွေပိုပေးမိမှု သတိပေးချက် လက်ခံရရှိပြီး ၄၅ ရက်အတွင်း ငွေပြန်အမ်းပါမည်။

G. ဤမူဝါဒ၏ မိတ္တူများ။

ဤမူဝါဒ၏ အခမဲ့မိတ္တူ တစ်စုံကို လူနာ ငွေကောက်ခံလွှာပါ နံပါတ်သို့ ခေါ်ဆိုခြင်း သို့မဟုတ် လူနာ ငွေကောက်ခံလွှာပါ လိပ်စာသို့ အီးမေးလ် ပို့ခြင်းအားဖြင့် တောင်းဆိုခြင်းဖြင့် ရရှိနိုင်သည်။ ဤမူဝါဒ၏ မိတ္တူများကို Novant Health ၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ခြင်းဖြင့်လည်း ရရှိနိုင်သည်။

H. သက်ဆိုင်ရာ ဥပဒေနှင့် ကိုက်ညီခြင်း။

NH လုပ်ငန်းဆောင်ရွက်သည့်နေရာများနှင့် ဆရာဝန်ရုံးခန်းများ အားလုံးသည် လိုအပ်ပါက လုပ်ငန်းဆောင်ရွက်သည့်နေရာ သို့မဟုတ် ရုံးခန်းတည်ရှိရာ ပြည်နယ်မှ လိုအပ်ပါက NCGS 131E-91 အပါအဝင် တရားမျှတသော ငွေကောက်ခံမှုနှင့် စုဆောင်းမှု ဥပဒေများနှင့်အညီ အကြွေးများကို

ကိုယ်တွယ် ဆောင်ရွက်ပါမည်။

**ခြွင်းချက်များ-** ဤမူဝါဒသည် Novant Health လုပ်ငန်းဆောင်ရွက်သည့်နေရာများနှင့် ဆေးကုသမှု အဖွဲ့လိုက် ကုသမှုများ အားလုံးတွင် ပေးအပ်သော ဝန်ဆောင်မှုများနှင့်သာ အကျုံးဝင်သည်။ ၎င်းသည် သီးခြားလွတ်လပ်သည့် ဆရာဝန်များ သို့မဟုတ် ဆေးဝါးကုသသူများက ပေးအပ်သည့် ဝန်ဆောင်မှုများနှင့် အကျုံးမဝင်ပါ။ ဤမူဝါဒသည် ဆေးရုံ/လုပ်ငန်းဆောင်ရွက်သည့်နေရာ အတွင်း၊ အပြင်တွင် Novant Health က အလုပ်ခန့်ထားခြင်း မရှိသော မေ့ဆေးဆရာဝန်များ၊ ဓါတ်မှန်ဆရာဝန်များ နှင့်/သို့မဟုတ် ရောဂါဗေဒ ဆရာဝန်များ အပါအဝင် ဆရာဝန်များ သို့မဟုတ် အခြားသော ကျန်းမာရေး စောင့်ရှောက် ကုသပေးသူများက ပေးအပ်သော ဝန်ဆောင်မှုများအတွက် အကျုံးမဝင်ပါ။

## ၃။ အရည်အချင်းပြည့်မီသော ဝန်ထမ်းများ

ဘဏ္ဍာရေးကာလ ဝန်ဆောင်မှုများဆိုင်ရာ ဝန်ထမ်းများ

## ၄။ ပစ္စည်းကိရိယာများ

N/A

## ၅။ လုပ်ထုံးလုပ်နည်း

*ဤလုပ်ထုံးလုပ်နည်းသည် ဤမူဝါဒ၏ ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဝန်ထမ်းများအား ကူညီမည့် လမ်းညွှန်ဖြစ်ပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်း လမ်းညွှန်များကို လိုက်နာစဉ်တွင် ဝန်ထမ်းများသည် သူတို့၏ ကုသမှုနယ်ပယ်နှင့်/သို့မဟုတ် အလုပ်တာဝန်များဖြင့် အကဲဖြတ်မှုကို ကျင့်သုံးမည်ဟု မျှော်လင့်သည်။*

## ၆။ စာရွက်စာတမ်းများ

N/A

## ၇။ အဓိပ္ပာယ် သတ်မှတ်ချက်များ

လျှော့ပေါ့လက်ခံချိန် ကာလ - ကုသမှုပေးသောနေ့မှ စတင်ကာ ကုသမှုအတွက် ပထမဆုံး ဆေးရုံဆင်းပြီး ငွေကောက်ခံလွှာ ဖော်ပြချက်ရက်စွဲမှ ရက်ပေါင်း ၂၄၀ ထက်နောက်မကျသည့် ကာလ သို့မဟုတ် Novant Health က လူနာအား အထူးကောက်ခံမှု စတင်ဆောင်ရွက်ပါက အဆိုပါ စာဖြင့် သတိပေးချက်တွင် ပါဝင်သော နောက်ဆုံးသတ်မှတ်ရက်။

ကုသိုလ်ဖြစ် ကုသရေး - NH ကုသိုလ်ဖြစ် ကုသရေး မူဝါဒပါ သတ်မှတ်ချက်နှင့် ကိုက်ညီမှုအပေါ် အခြေခံယူဆထားသော ကုသိုလ်ဖြစ် ကုသရေးအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဝင်ငွေနည်းပြီး အာမခံ မထားရှိသော လူနာ။

အထူး ကောက်ခံမှု ဆောင်ရွက်ခြင်း - ဆေးကုသမှု လုပ်ငန်းဆောင်ရွက်သည့်နေရာ၏ ကုသိုလ်ဖြစ် ကုသရေးမူဝါဒအရ အကျုံးဝင်သော ကုသမှုအတွက် ငွေကောက်ခံလွှာ ပေးချေမှုနှင့်ပတ်သက်ပြီး လူနာတစ်ယောက်အား ဆေးကုသမှု လုပ်ငန်းဆောင်ရွက်သည့်နေရာက တရားဥပဒေကြောင်းအရ လိုအပ်သော တောင်းဆိုဆောင်ရွက်မှု၊ လူနာ၏ အကြွေးကို အခြားတစ်ယောက်သို့ ရောင်းချခြင်း၊ လူနာ၏ မလိုလားအပ်သော အချက်အလက်များကို စားသုံးသူ အကြွေး အစီရင်ခံရေး အေဂျင်စီ သို့မဟုတ် အကြွေးဗျူရိုများသို့ တိုင်ကြားခြင်း၊ သို့မဟုတ် ဆေးကုသမှု လုပ်ငန်းဆောင်ရွက်သည့်နေရာ၏ ကုသိုလ်ဖြစ် ကုသရေးမူဝါဒအရ အကျုံးဝင်သော ကုသမှုကို ယခင်က ပေးအပ်ထားသည့်အတွက် တစ်ခု သို့မဟုတ် ထိုထက်ပိုသော ငွေကောက်ခံလွှာများကို လူနာက ငွေပေးချေမှု မပြုထားခြင်းကြောင့် လိုအပ်သော ဆေးကုသမှု မပေးအပ်မီ ငွေပေးချေမှု လွှဲပြောင်းခြင်း၊ ငြင်းဆိုခြင်း သို့မဟုတ် တောင်းဆိုခြင်းတို့ ပါဝင်သည်။ ဤအထဲတွင် ဆေးရုံက ကုသမှုပေးသည့် တစ်ကိုယ်ရည် ထိခိုက်မှု ဖြစ်သော လူနာ (သို့မဟုတ် သူ၏ ကိုယ်စားလှယ်) အား ပေးရန်ရှိကြောင်း ဆုံးဖြတ်မှု၊ ကျေအေးမှု၊ အစားထိုးမှုများ ဆောင်ရွက်ရန် ပြည်နယ်ဥပဒေအရ Novant Health က ကျင့်သုံးရန်လိုသော တောင်းဆိုမှုများ မပါဝင်ပါ။

မိသားစု - ခင်ပွန်း၊ ဇနီးနှင့် အိမ်တွင် နေထိုင်ကာ အခွန်ပေးဆောင်မှု ရည်ရွယ်ချက်အရ အကျုံးဝင်သော မှီခိုနေထိုင်သူများဖြစ်သည့် သားသမီးများ (မွေးစားသားသမီးများ အပါအဝင်)။

ဝင်ငွေ - မယားစရိတ်နှင့် သားသမီးထောက်ပံ့မှုအတွက် ငွေပေးချေမှုများ မပါဝင်သော အခွန်မထမ်းဆောင်မီ ရင်းမြစ်အားလုံးမှ ရရှိသည့် နှစ်စဉ် မိသားစု ဝင်ငွေများနှင့် ငွေကြေး အကျိုးခံစားခွင့်များ ဝင်ငွေ အထောက်အထားများကို W-2 ငွေပေးချေမှု တံဆိပ်တုံးများ၊ အခွန်အတွက် ပြန်ပေးမှုများ သို့မဟုတ် ကုသိုလ်ဖြစ် အခြေအနေကို ဆုံးဖြတ်ရန် လိုအပ်သည်ဟု ယူဆသော အခြားစာရွက်စာတမ်းများဖြင့် ဆုံးဖြတ်နိုင်ပါသည်။

အတွင်းလူနာ - Novant Health လုပ်ငန်းဆောင်ရွက်သည့်နေရာရှိ ဝန်ဆောင်မှုများအတွက်

ဆေးရုံတင်ထားသူ၊ လူနာသည် ယေဘုယျအားဖြင့် ၂၄ နာရီထက် ပိုမိုနေထိုင်သည်။

ဆေးကုသမှုအရ အရေးပေါ် - မကုသပါက အသက် သို့မဟုတ် ခြေလက်အင်္ဂါ ဆုံးရှုံးမှု၊ ပျက်ယွင်းမှု ဆိုးဆိုးရွားရွား ဖြစ်စေမည့်၊ အသက်အန္တရာယ် ရှိသော သို့မဟုတ် မသန်မစွမ်း ဖြစ်စေနိုင်သော မမျှော်လင့်ထားသည့် အခြေအနေ။

ဆေးကုသမှုအရ အရေးကြီး - အသက်အန္တရာယ် မရှိသော်လည်း လက်တွေ့အခြေခံ ဆေးပညာကုသမှု စံချိန်စံညွှန်းများအပေါ် အခြေခံသည့် ကျိုးကြောင်းဆီလျော်သော၊ လိုအပ်သော၊ သင့်တော်သော ဆေးဝါးကုသမှု။

သတိပေးချက် ကာလ - ကုသမှု ပထမဆုံး ပေးသောနေ့မှ စတင်ကာ ကုသမှုအတွက် ပထမဆုံး ဆေးရုံဆင်းပြီး ငွေကောက်ခံလွှာ ဖော်ပြချက်ရက်စွဲမှ ရက်ပေါင်း ၁၂၀ အတွင်းကာလ။

NHMG - Novant Health Medical Group

စောင့်ကြည့်ခြင်း - လူနာကို Novant Health လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် အတွင်းလူနာအဖြစ် ပြောင်းလဲရန်မလိုဘဲ ၂၄ နာရီအထိ ဆက်ရှိနေခွင့်ပြုသည့် ပြင်ပလူနာ အမျိုးအစား။

ပြင်ပလူနာ - Novant Health လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် ကုသမှုခံယူပြီး ဝန်ဆောင်မှုပေးသည့်နေ့မှာပင် အိမ်ပြန်သွားသူ။

ရိုးရိုးရှင်းရှင်း သုံးနှုန်းဖော်ပြမှု အနှစ်ချုပ် - Novant Health လုပ်ငန်းဆောင်ရွက်သည့်နေရာသည် ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ငွေကြေးထောက်ပံ့မှုနှင့် အောက်ပါ ထပ်ဆောင်း အချက်အလက်များကို ပေးအပ်ကြောင်း လူနာအား ရှင်းလင်း တိကျ နားလည်ရလွယ်ကူသော အသုံးအနှုန်းဖြင့် သတိပေးထားသည့် စာဖြင့်ရေးသားဖော်ပြချက်- (၁) ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ပေးအပ်သော လိုအပ်ချက်နှင့် ထောက်ပံ့မှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီမှုဆိုင်ရာ အကျဉ်းချုပ် ဖော်ပြချက်၊ (၂) ကုသိုလ်ဖြစ် ကုသရေး မူဝါဒအရ ပေးအပ်သော ထောက်ပံ့မှုကို မည်သို့ လျှောက်ထားရန် အနှစ်ချုပ် ဖော်ပြချက်၊ (၃) ကုသိုလ်ဖြစ် ကုသရေး မူဝါဒနှင့် လျှောက်လွှာကို လူနာက အခမဲ့ ရရှိနိုင်မည့် တိုက်ရိုက် ဝက်ဘ်ဆိုက် လိပ်စာ (သို့မဟုတ် URL) နှင့် ရုပ်ပိုင်းဆိုင်ရာ တည်နေရာများ၊ (၄) လူနာသည် ကုသိုလ်ဖြစ် ကုသရေး မူဝါဒနှင့် လျှောက်လွှာကို မည်သို့ အခမဲ့ ရရှိနိုင်ကြောင်း ညွှန်ကြားချက်များ (၅) ကုသိုလ်ဖြစ် ကုသရေး မူဝါဒအကြောင်း အချက်အလက်များ ပေးအပ်နိုင်သော လုပ်ငန်းဆောင်ရွက်သည့်နေရာ ရုံးခန်း သို့မဟုတ် ဌာန၊ လျှောက်လွှာကို ကူညီပံ့ပိုးပေးနိုင်သည့် ရုံး ဌာနများ သို့မဟုတ် ထောက်ပံ့မှုပေးနိုင်သော ကုသိုလ်ဖြစ် သို့မဟုတ် အစိုးရ

အေဂျင်စီများ၏ တယ်လီဖုန်းနံပါတ်နှင့် ရုပ်ပိုင်းဆိုင်ရာ တည်နေရာ အပါအဝင် ဆက်သွယ်ရန်အချက်အလက်၊ (၆) လိုအပ်ပါက ကုသိုလ်ဖြစ် ကုသရေး မူဝါဒ၊ လျှောက်လွှာနှင့် ရိုးရိုးရှင်းရှင်း သုံးနှုန်းဖော်ပြမှု အနှစ်ချုပ်တို့ကို အခြားဘာသာများဖြင့် ဘာသာပြန်ဆိုမှုများ ရရှိနိုင်ကြောင်း ဖော်ပြချက်နှင့် (၇) ကုသိုလ်ဖြစ် ကုသရေး သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား အရေးပေါ် သို့မဟုတ် အခြား ဆေးကုသမှု လိုအပ်သော ကုသမှုဆိုင်ရာ အာမခံ ရှိထားသူများကို အလားတူ ကုသမှုအတွက် ယေဘုယျအားဖြင့် ငွေကြေးကောက်ခံသော ပမာဏထက် ပိုမိုကောက်ခံမည် မဟုတ်ကြောင်း ဖော်ပြချက်။

RCS - ဘဏ္ဍာရေးကာလ ဝန်ဆောင်မှုများ (Revenue Cycle Services)

## ၈။ ဆက်စပ် စာရွက်စာတမ်းများ

- စုဆောင်းမှု တောင်းဆိုလွှာ၊ ဆရာဝန် ဆေးစာ၊ သဘာဝဘေး ပြန်လည်နေရာချမှု၊ အာမခံ မထားသော ဈေးလျှော့ပေးမှု၊ ငွေပေးချေမှု အစီအစဉ်၊ ဆေးရုံတက်ခြင်း၊ ကုန်ကျစရိတ်များနှင့် ငွေကြေး အကြံပေးခြင်း
- ကုသိုလ်ဖြစ် ကုသရေး NH-Dept-FIN-BCD-111.1 v.2

## ၉။ ကိုးကားချက်များ

N/A

## ၁၀။ တင်သွင်းသူ

Novant Health လူနာ ငွေစာရင်းရှင်းတမ်း ငွေကောက်ခံမှုနှင့် စုဆောင်းမှု ဆပ်ကော်မတီ

## ၁၁။ အဓိက စကားရပ်များ

ငွေကောက်ခံခြင်း၊ စုဆောင်းမှု၊ စုဆောင်းခြင်း၊ လူနာ ငွေစာရင်းရှင်းတမ်း၊ ပယ်ချမှု၊ မကောင်းသည့် အကြွေး၊ အာမခံ တောင်းဆိုမှုများ၊ ရတ်တရက်၊ ငွေကောက်ခံခြင်း၊ မကောင်းသည့် အကြွေး၊ ကုန်ကျစရိတ်များ

| | |
|---|---|
| **၁၂။ ကနဦး စတင်အကျုံးဝင်သော ရက်စွဲ** | 08/2014 |
| **ပြန်လည်သုံးသပ်မှု စတင်အကျုံးဝင်သော ရက်စွဲ** | 01/01/2016 |

**ပြန်လည်သုံးသပ်သော ရက်စွဲများ**
**(မပြောင်းလဲပါ)**
**နောက်ထပ် ပြန်လည်သုံးသပ်ရန် ရက်စွဲ** 01/2019

## လက်မှတ်ထိုးရန် စာရွက်

| | |
|---|---|
| **အမည်** | လူနာ ငွေစာရင်းရှင်းတမ်း ငွေကောက်ခံမှုနှင့် စုဆောင်းမှု |
| **နံပါတ်** | NH-LD-FM-111.5 |
| **TJC လုပ်ငန်းများ** | ဆက်လက် ကုသရေး |
| **သက်ဆိုင်သူ** | Novant Health ဘဏ္ဍာရေးကာလ |
| **ဆောင်ရွက်ချက်** | အတိုကောက်လက်မှတ် |

### အတည်ပြုသူ-

| **အမည်** | **အတည်ပြုသူ** | **လက်မှတ်** | **ရက်စွဲ** |
|---|---|---|---|
| SVP, ဘဏ္ဍာရေးကာလ | Richelle Menke Fleischer | | အီလက်ထရွန်းနစ် လက်မှတ်ကို ကြည့်ပါ |
| | | | |
| | | | |

### ကော်မတီများကို အတည်ပြုသူ-

| **ကော်မတီ** | **ဥက္ကဋ္ဌ/လွှဲအပ်ထားသူ** | **ရက်စွဲ** |
|---|---|---|
| NHMG ဆေးခန်း စံချိန်စံညွှန်းများ/လူနာ အန္တရာယ်ကင်းရေး ကော်မတီ | John Card, MD, ဥက္ကဋ္ဌ | |
| | | |